

# မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးအခြေအနေ အစီရင်ခံစာ

**March 2011 - March 2012**

**Network for Human Rights Documentation - Burma**

မာတိကာ


နိဒါန်း ၂

အချက်အလက် ကောက်ယူသည့် နည်းလမ်း ၃

ND-Burma မှ ကောက်ယူရရှိသော လူ့အခွင့် အရေးချိုးဖောက်မှုများ (၂၀၁၁ ခုနှစ် မတ်လ - ၂၀၁၂ ခုနှစ် မတ်လ) ၄

ဖြစ်ရပ်မှန်လေ့လာချက် ၇

နောက်ဆက်တွဲ (၁) ၉

နောက်ဆက်တွဲ (၂) ၁၀

နောက်ဆက်တွဲ (၃) ၁၁

သုံးသပ်ချက် ၁၂

## နိဒါန်း

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) က ထုတ်ဝေသော ယခုအစီရင်ခံစာသည် သမ္မတဦးသိန်းစိန်နှင့် သူ၏ အစိုးရ တာဝန်စယူခဲ့သော ၂၀၁၁ ခုနှစ် မတ်လမှ ၂၀၁၂ ခုနှစ် မတ်လ အစိုးရသက်တမ်း တနှစ်အတွင်း ဖြစ်ပျက်ခဲ့သော လူ့အခွင့်အရေးအခြေအနေများနှင့် ပတ်သက်၍ မှတ်တမ်းတင်ထားသော အစီရင်ခံစာဖြစ်သည်။

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) မှ ကာလအပိုင်းအခြားအလိုက်ထုတ်ဝေသော အစီရင်ခံစာများသည် နောက်ဆုံးရလူ့အခွင့်အရေးချိုးဖောက်မှု သတင်းအချက်အလက်များ၊ တိုင်းပြည်အတွင်းဖြစ်ပေါ်နေသော အရေးတကြီး ကိစ္စရပ်များနှင့် လားရာများကို ထောက်ပြထားသည်။ လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးအစား ၁၆ မျိုးတွင် အကျုံး ဝင်သော သတင်းအချက်အလက်များကို မြန်မာနိုင်ငံအဝှမ်း ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုတွင် မှတ်တမ်းတင် ကောက်ယူခဲ့သည်။

ယခုအစီရင်ခံစာထုတ်ပြန်သည့်ကာလအတွင်း မြန်မာနိုင်ငံတွင် အရေးကြီးသော နိုင်ငံရေးဖြစ်ထွန်းမှုများ ပေါ်ပေါက်ခဲ့ သည်။ သမ္မတဦးသိန်းစိန်သည် နိုင်ငံရေးအကျဉ်းသားပေါင်းများစွာကို လွတ်ငြိမ်းချမ်းသာခွင့်နှင့် လွှတ်ပေးခဲ့သည်။ သို့သော်လည်း အကျဉ်းထောင်များတွင် နိုင်ငံရေးအကျဉ်းသား ၄၇၃ ဦးဆက်လက် အကျဉ်းကျခံရနေရဆဲဖြစ်ပြီး၊ နောက်ထပ် နိုင်ငံရေးအကျဉ်းသား ၄၆၅ ဦးအား မည်သည့်နေရာတွင် ချုပ်နှောင်ထားသည်ကို လောလောဆယ် ဆက်လက်စုံစမ်း နေဆဲဖြစ်သည်။ ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် လွှတ်တော်အမတ် ၄၅ နေရာအတွက် ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ အတိုက်အခံပါတီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၄၃ နေရာတွင် အပြတ် အသတ်အနိုင်ရခဲ့သလို ပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည်လည်း သမိုင်းတွင် ပထမဦးဆုံးအကြိမ်အ ဖြစ် တရားဝင် ရွေးချယ်ခံခဲ့ရသည်။ ရွေးကောက်ပွဲအား အောင်မြင်မှုတခုအဖြစ် နိုင်ငံတကာအသိုင်းအဝန်းက ချီးကျူးထောပနာပြုခဲ့ပြီး အကျိုးဆက်အဖြစ် ဥရောပသမဂ္ဂက ပိတ်ဆို့မှုများအား တနှစ် ယာယီရုပ်သိမ်းပေးရန် ဆုံးဖြတ်လိုက်သည့်အပြင် အင်္ဂလန်၊ နော်ဝေ၊ ဩစတေးလျနှင့် အမေရိကန်ပြည်ထောင်စုတို့ကလည်း ဒဏ် ခတ် ပိတ်ဆို့မှုများ လျော့ပေါ့ပေးမည်ဟု အသီးသီး ထုတ်ပြန်ကြေငြာခဲ့ကြသည်။ သို့သော်လည်း ကနဦး ဒဏ်ခတ်ပိတ် ဆို့မှုများ ချမှတ်ခဲ့သည့် အခြေခံသတ်မှတ်ချက်များသည် မပြောင်းလဲ ယခင်အတိုင်းရှိနေဆဲဖြစ်သည့်အပြင် ပြုပြင် ပြောင်းလဲရေးအတွက် အစိုးရက ဆောင်ရွက်နေသော လုပ်ငန်းများသည် မရေမရာဖြစ်ပြီး ထိရောက်မှုနည်းနေသေးကာ စစ်မှန်သော အပြောင်းအလဲများဆီသို့ ဦးတည်မှု မရှိသေးသည်ကို တွေ့ရ သည်။

မြန်မာနိုင်ငံအတွင်းလူ့အခွင့်အရေးအခြေအနေများသည်အလွန်စိုးရိမ်ဖွယ်ကောင်းသောအခြေအနေဖြစ်နေသေးသည်။ တိုင်းရင်းသားဒေသများအတွင်း ယနေ့အထိ ဖြစ်ပွားနေဆဲ ပြည်တွင်းစစ်ကြောင့် သတ်ဖြတ်မှု၊ မြေယာသိမ်းဆည်းမှု၊ အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှု၊ ကလေးစစ်သားအသုံးပြုမှု၊ အတင်းအဓမ္မရွှေ့ပြောင်းမှု၊ ညှဉ်းပန်းနှိပ်စက်မှု နှင့် မလျော်မကန်ပြုမူဆက်ဆံမှု စသည့် ချိုးဖောက်မှုများ ဖြစ်ပေါ်နေဆဲဖြစ်သည်။ ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် အစိုးရငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့အကြား အပစ်အခတ်ရပ်ဆဲရေးသဘောတူညီချက်ရယူခဲ့သည့် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ မတိုင်ခင်အထိ ၂၀၁၀ ရွေးကောက်ပွဲအပြီးမှစ၍ ကရင်ပြည်နယ်အတွင်း တိုက်ခိုက်မှုများ ပြင်းပြင်းထန်ထန် ဖြစ်ပေါ်ခဲ့သည်။

အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အား လွန်ခဲ့သော လေးလခန့်တွင် ရရှိခဲ့သော်လည်း မြန်မာအစိုးရ တပ်များသည် ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) နှင့် ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) တပ်ဖွဲ့များကို ဆက်လက် တိုက်ခိုက်နေဆဲဖြစ်သည်။ ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နှင့် အစိုးရတပ်ဖွဲ့အကြား ၁၇ နှစ်ကြာ အပစ်ရပ်စဲရေး သဘောတူစာချုပ်သည် မြန်မာစစ်တပ်များက KIA ၏ မဟာဗျူဟာမြောက်စခန်းတခုအား ဝင်ရောက် တိုက်ခိုက်ခဲ့သည့် ၂၀၁၁ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ပျက်ပျယ်သွားခဲ့သည်။ သမ္မတဦးသိန်းစိန်က ကချင်ပြည်နယ် အတွင်း ထိုးစစ်များကို အဆုံးသတ်ရန် စစ်တပ်ကို အမိန့်ပေးခဲ့သော်လည်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။

အနောက်နိုင်ငံအစိုးရများသည် ဒဏ်ခတ်ပိတ်ဆို့မှုများ ဖယ်ရှားပစ်ရေးအတွက် လိုအပ်ချက်တခုအဖြစ် မြန်မာစစ်တပ်နှင့် တိုင်းရင်းသားအုပ်စုများအကြား ပဋိပက္ခကို အဆုံးသတ်ပေးရမည်ဟု သတ်မှတ်ထားခဲ့သော်လည်း တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည့်တိုင် ဒဏ်ခတ်ပိတ်ဆို့မှုအများအပြားကို အချိန်မတိုင်မီ ရုပ်သိမ်းခဲ့သည်။ အရပ် သားအစိုးရသည် ကရင့်အမျိုးသားအစည်းအရုံး (KNU)၊ မွန်ပြည်သစ်ပါတီ (NMSP)၊ ချင်းအမျိုးသားတပ်ဦး (CNF) နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) တို့နှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုများ ရရှိရန် ဆောင် ရွက်နေသော်လည်း မြန်မာစစ်တပ်နှင့် ကချင်လွတ်လပ်ရေးအဖွဲ့အကြား တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွား နေဆဲ ဖြစ်သည်။ တဖွဲ့ချင်းအလိုက် အပစ်ရပ်စဲရေးသဘောတူညီမှုများမှသည် နိုင်ငံအဝှမ်းအပစ်အခတ်ရပ်စဲရေးအထိ ပြောင်း လဲနိုင်ရေး ဦးတည်ချက် မှာအရာမထင်ဖြစ်နေသေးသည်။

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်သည် မြန်မာနိုင်ငံသို့ မကြာသေးမီက လာရောက်လည်ပတ်ခဲ့ပြီး ယခုနှစ် မတ်လတွင် လူ့အခွင့်အရေးကောင်စီသို့ တင်သွင်းသော အစီရင်ခံစာတွင် "တိုင်းပြည်၏ သမိုင်းတွင် ယခုရောက်ရှိနေသော အလွန်အရေးကြီးသည့် အခိုက်အတန့်တွင် ကျန်ရှိနေသေးသော လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်ချက်များနှင့် စိန်ခေါ်ချက်များကို ဖြေရှင်းပေးသင့်သည်။ တရားမျှတမှုနှင့် တာဝန်ခံမှုလုပ်ငန်းများအပြင် အမှန်တရား ဖေါ်ဆောင်ရေးလုပ်ငန်းများကိုလည်း လုပ်ဆောင်ပေးသင့်သည်" ဟု ထည့်သွင်းဖေါ်ပြခဲ့သည်။ ND-Burma သည် အထူးကိုယ်စားလှယ်၏ အကြံပြုချက်ကို ထောက်ခံပြီး မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးနှင့် ပြန်လည်ပျိုးထောင်ရေးကာလအတွင်း ညီညွတ်ခြင်း၊ ငြိမ်းချမ်းခြင်းနှင့် အမျိုးသားပြန်လည်သင့်မြတ်ခြင်းများ အတွက် အကောင်းဆုံး အဖြေသည် အမှန်တရားဖေါ်ထုတ်ရေးကော်မရှင်ဖြစ်သည်ဟု ယုံကြည်သည်။ ကော်မရှင်အား လူတန်းစား အလွှာစုံမှ သီးခြားလွတ်လပ်သော၊ လူအများလေးစား ကြည်ညိုသော ပုဂ္ဂိုလ်များနှင့် ဖွဲ့စည်းသင့်ပြီး၊ အမှန်တရားရှာဖွေခြင်းလုပ်ငန်း၊ နစ်နာသူများအား လျော်ကြေးပေးခြင်း၊ လူသိရှင်ကြားတောင်းပန်ခြင်းနှင့် လူ့အခွင့် အရေးချိုးဖောက်မှုများ နောက်တကြိမ် မဖြစ်ပေါ်စေရေးအတွက် ကော်မရှင်က ရှေးရှုလုပ်ဆောင်သင့်သည်။

အမှန်တရားရှာဖွေခြင်းသည် မည်သူတဦးတယောက်ကိုမှ နစ်နာစေလိုခြင်းမရှိပဲ မြန်မာနိုင်ငံအတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်း စသည့် လောကပါလတရားသုံးပါး ထွန်းကားစေရေးအတွက် အထောက်အကူဖြစ်စေမည်ဟု ယုံကြည် သည်။

သို့မှသာ အနာဂတ် ဒီမိုကရေစီ မြန်မာနိုင်ငံ အဖြစ် ထူထောင်ရာတွင် တဦးနှင့်တဦး၊ တဖွဲ့နှင့်တဖွဲ့၊ အာဏာပိုင်များနှင့် ပြည်သူတို့အကြား သံသယ ကင်းရှင်းစွာ လက်တွဲတည်ဆောက်နိုင်မည်ဖြစ်သည်။ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ အာဏာ အလွဲသုံးစားလုပ်၍ နိုပ်စက်ကလူပြုမှုများ လျော့နည်းလာမည်ဖြစ်သည်။ ကျူးလွန်သူများ၏ လုပ်ရပ်များကို မသိကျိုးကျွံပြု၍ အရေးယူဆောင်ရွက်မှုများမရှိလျှင် နောင်အခါ ကျူးလွန်သူများအား အကာအကွယ် ပေးရာရောက်ခြင်း၊ ဆက်လက် ကျူးလွန်ရန်အတွက် အားပေးအားမြှောက်ပြုရာ ရောက်မည်ဟု လူ့အခွင့်အရေးမှတ်တမ်းကွန်ယက် (မြန်မာနိုင်ငံ) မှ ယုံကြည်သည်။ အမှန်တရားနှင့် တရားမျှတရေးကော်မရှင်သည် အမျိုးသားပြန်လည်သင့်မြတ်ရေး နှင့် အနာဂါတ် မြန်မာနိုင်ငံ၏ ညီညွတ်ရေးအတွက် လိုအပ်သော လုပ်ငန်းစဉ်တခုဖြစ်သည်။ ထို့ကြောင့် အသွင်ကူး ပြောင်းရေး ကာလအတွင်း ထိုလုပ်ငန်းစဉ်တရပ် မရှိမဖြစ်လိုအပ်ပါသည်။

## အချက်အလက်ကောက်ယူသည့်နည်းလမ်း

**ကွင်းဆင်းအချက်အလက်ကောက်ယူသူများ၏ အခြေအနေ** - လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) ၏ ကွင်းဆင်းအချက်အလက်ကောက်ယူသူများသည် လူ့အခွင့်အရေးချိုးဖောက်မှုမှတ်တမ်းများ ကောက်ယူရာတွင် အသက်အန္တရာယ်နှင့် ရင်း၍ ဆောင်ရွက်ရသည်။ လူ့အခွင့်အရေးဆောင်ရွက်သူများသည် အစိုးရ၏ အငြိုးထားမှု ခံရသည့်အပြင် မျက်ခြေမပြတ် စောင့်ကြည့်ခံရခြင်း၊ခြိမ်းခြောက်ခံရခြင်း၊ ဖမ်းဆီးခံရခြင်း နှင့် ထောင်ချခံရခြင်းတို့ပါ အမြဲတစေ ရင်ဆိုင်ရသည်။ လုံခြုံရေးအခြေအနေကြောင့် လူ့အခွင့်အရေးအခြေအနေ စောင့်ကြည့်လေ့လာမှုအား ပေါ်ပေါ်ထင်ထင် မလုပ်နိုင်ခြင်းကြောင့် မြန်မာနိုင်ငံတဝှမ်းလုံးတွင် ဖြစ်ပျက်နေသော လူ့အခွင့်အရေး အခြေအနေအားလုံးအား ထင်ဟပ်နိုင်စေရေးအတွက် တင်ပြနိုင်ရန် မဖြစ်နိုင်ချေ။ အစိုးရသည် ဒေသခံပြည်သူလူထုများအပေါ် အထူးသဖြင့် အလှမ်းကွာဝေးသော ဒေသများနှင့် ပဋိပက္ခဖြစ်ပွားရာ ဒေသများအတွင်း နေထိုင်သော ပြည်သူလူထုများအပေါ် ပိုမိုဖိနှိပ်မှုများရှိသဖြင့် လုံခြုံရေးအန္တရာယ် ပိုများသည်။ ထိုဒေသများ အတွင်း အချက်အလက်ကောက်ယူနေကြသော ကွင်းဆင်းအချက်အလက် စုဆောင်းသူများသည် သတင်းအချက်အလက် ရယူရန် တဦးချင်းအဆက်အသွယ်များအပေါ် အဓိကအားထားရသည်။ ကွန်ရက်တွင် ပါဝင်သူ ကွင်းဆင်းအချက်အလက် စုဆောင်းသူတိုင်းသည် နောက်ထပ် အဆက်အသွယ်များပိုမိုရရှိလာရေး နှင့် ကျေးရွာခေါင်းဆောင်၊ အစိုးရဝန်ထမ်းအစရှိသူ များနှင့် တဦးချင်းစီအလိုက် တွေ့ဆုံမေးမြန်းအချက်အလက်ရယူရန် ဆောင်ရွက်လျှက်ရှိသည်။

**မှတ်တမ်းတင်ခြင်း** - လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) သည် နိုင်ငံတကာလူ့အခွင့်အရေး အန်ဂျီအိုများ၏ အကူအညီကို ရယူ၍ ယခုအစီရင်ခံစာပါ အချက်အလက်များကို ကောက်ယူပေးသော အဖွဲ့ဝင်အဖွဲ့အစည်းများမှ ကွင်းဆင်းအချက်အလက် စုဆောင်းသူများကို သင်တန်းပေးသည်။ ထို့နောက်အဆိုပါ ကွင်းဆင်းအချက်အလက် စုဆောင်းသူများသည် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုအတွင်း တွေ့ဆုံမေးမြန်း၊ အချက်အလက် ကောက်ယူခြင်းနှင့် တခြားသတင်းအချက် အလက်များကို ကောက်ယူစုဆောင်းသည်။

ဖြစ်ရပ်တခုချင်းစီအား ရရှိသည့် အခွင့်အရေးနှင့် ပြင်ပအခြေအနေများအပေါ် မူတည်၍ ကောက်ယူရသည်။ ယခုအစီရင်ခံစာပါ ဖြစ်ရပ်များသည် အစီရင်ခံစာကာလအတွင်း အစိုးရ၏ ကျူးလွန်မှုခံခဲ့ရသူများ၏ တိုက်ရိုက်ပြောဆိုချက်များ

ဖြစ်သည်။ မျက်မြင် သက်သေများက ပြောပြသော အချက်အလက်များနှင့် လေ့လာသူများက အတည်ပြုပေးသော အချက်အလက်များ အရ မြန်မာစစ်သားများ အများဆုံးကျူးလွန်သော အစိုးရအကြမ်းဖက်မှုများဖြစ်သည်။

**အချက်အလက်စီမံခန့်ခွဲမှု** - လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) အဖွဲ့ဝင်အဖွဲ့အစည်းများမှ ကွင်းဆင်း အချက်အလက်ကောက်ယူ စုဆောင်းသူများသည် အချက်အလက်များကို သက်ဆိုင်ရာမိခင်အဖွဲ့အစည်းထံသို့ ပေးပို့သည်။ ထို့နောက်သက်ဆိုင်ရာ အဖွဲ့အစည်းမှ တာဝန်ရှိဝန်ထမ်းများက ကွန်ရက်ဒေတာဘေ့စ်အတွင်း သတင်း အချက်အလက်များ ထည့်သွင်းသည်။ လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)၏ အချက်အလက်စီမံခန့်ခွဲရေး အလုပ်အဖွဲ့က အချက်အလက်တခုချင်းစီအား ပြင်ဆင်စုဆည်းပြီး ၂၀၁၁ ခုနှစ် မတ်လမှ ၂၀၁၂ ခုနှစ် မတ်အတွင်း ဖြစ်ပွားခဲ့သော ချိုးဖောက်မှုများအနက်မှ သင့်လျော်ရာ အဖြစ်အပျက်များကို ရွေးချယ်သည်။ ယခုအစီရင်ခံစာကာလမ တိုင်ခင်ဖြစ်ပွားခဲ့သော အခြားသတင်းအချက် အလက်များ ကို သမိုင်းမှတ်တမ်းအဖြစ် သိမ်းဆည်းထားမည်ဖြစ်ပြီး ဒီမို ကရေစီအသွင်ကူးပြောင်းရေးကာလအတွင်း တာဝန်ခံမှုရယူမည့် လုပ်ငန်းစဉ်များအတွက် အသုံးပြုမည်ဖြစ်သည်။

| ၂၀၁၁ ခုနှစ် မတ်လ - ၂၀၁၂ ခုနှစ် မတ်လ | | |
|---|---|---|
| စဉ် | ချိုးဖောက်မှုအမျိုးအစား | ဖြစ်ပွားမှုနှုန်း |
| ၁ | မတရားဖမ်းဆီးမှုများနှင့် ထိန်းသိမ်းချုပ်နှောင်မှုများ | ၃၉ |
| ၂ | ပုဂ္ဂလိကပိုင်ဆိုင်မှုပစ္စည်းများသိမ်းယူခြင်း၊ ဖျက်ဆီးခြင်း | ၁၁၄ |
| ၃ | အစဖျောက်ပစ်ခြင်း | ၃ |
| ၄ | အဓမ္မလုပ်အားပေးခိုင်းစေမှု | ၆၀ |
| ၅ | အတင်းအဓမ္မရွှေ့ပြောင်းခံရခြင်း | ၆ |
| ၆ | လူကုန်ကူးရောင်းချခြင်း | ၁ |
| ၇ | သတ်ဖြတ်ခြင်း | ၃၂ |
| ၈ | လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်ကို ထိပါးနှောင့်ယှက်ခြင်း | ၁၁ |
| ၉ | လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ကို ထိပါးနှောင့်ယှက်ခြင်း | ၂၀ |
| ၁၀ | ကလေးစစ်သားအသုံးပြုမှု | ၃ |
| ၁၁ | ညှဉ်းပန်းနှိပ်စက်ခြင်း | ၈၆ |
| ၁၂ | အခွန်ကောက်ယူခြင်း | ၄၀ |
| | စုစုပေါင်း | ၄၁၅ |

## ND-Burma မှ ကောက်ယူရရှိသော လူ့အခွင့်အရေးချိုးဖောက်မှုများ (၂၀၁၁ ခုနှစ် မတ်လ - ၂၀၁၂ ခုနှစ် မတ်လ)

ND-Burma သည် ၂၀၁၁ ခုနှစ် မတ်လ မှ ၂၀၁၂ ခုနှစ် မတ်လ အတွင်း ပြည်ခိုင်ဖြိုးပါတီဦးဆောင်သော အစိုးရနှင့် ၎င်းအစိုးရအားထောက်ခံသူများက ကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှု ၄၁၅ ခုကို မှတ်တမ်းတင်နိုင်ခဲ့သည်။ ယခုအစီရင်ခံစာပါ ကာလအတွင်း မှတ်တမ်းတင်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများသည် မြန်မာနိုင်ငံအဝှမ်း ပြည်နယ်နှင့် တိုင်း ၁၄ ခု အတွင်း ဖြစ်ပွားခဲ့သည်။

ထိုချိုးဖောက်မှုများအထဲတွင်ညှဉ်းပန်းနှိပ်စက်မှု၈၅ခု၊အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှု၅၉ ခု၊ပုဂ္ဂလိကပစ္စည်းများသိမ်း

ယူခြင်း၊ဖျက်ဆီးခြင်းချိုးဖောက်မှု ၁၁၄ ခု ရှိကြောင်း တွေ့ရသည်။ ချိုးဖောက်မှုများသည် တိုင်းရင်းသားဒေသများအတွင်း မြန်မာစစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများအကြား ဆက်လက်ဖြစ်ပေါ်နေဆဲ လက်နက်ကိုင်ပဋိပက္ခနှင့် အစိုးရ၏ စစ်ရေးအရ တိုးချဲ့မှုများ၏ တိုက်ရိုက်အကျိုးဆက်များဖြစ်သည်။


ND-Burma အဖွဲ့ဝင်အဖွဲ့အစည်းများသည် သတင်းအချက်အလက်များကို ပေါ်ပေါ်ထင်ထင်ကောက်ယူနိုင်ခြင်း မရှိသဖြင့် ၎င်းတို့ ကောက်ယူရရှိသော သတင်းအချက်အလက်များသည် မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသော လူ့အခွင့်အရေး ချိုးဖောက်မှု တစုံလုံးကို ထင်ဟပ်နိုင်ခြင်းမရှိပေ။ ယခုအစီရင်ခံစာကာလအတွင်း ND-Burma ကောက်ယူရရှိသော ချိုးဖောက်မှုများအနက် အများစုသည် ကရင်ပြည်နယ် တွင် (၇၄ ခု) ဖြစ်ပွားပြီး၊ ရှမ်းပြည်နယ်တွင် (၆၇ ခု) နှင့် ကချင်ပြည်နယ် တွင် (၅၈ ခု) အသီးသီးဖြစ်ပွားခဲ့သည်ကို တွေ့ရသည်။

ကရင်ပြည်နယ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်နှုန်း အများဆုံးတွေ့ရသည်မှာ အစီရင်ခံစာကာလအတွင်း ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်၊ တိုးတက်သော ကရင်ဗုဒ္ဓဘာသာတပ်မတော်နှင့် အစိုးရတပ်များအကြား လက်နက်ကိုင်တင်းမာမှုများနှင့် သက်ဆိုင်သည်။ အကျိုးဆက်အဖြစ် ဒုက္ခသည်များ ထိုင်းနိုင်ငံအတွင်းသို့ ထွက်ပြေးတိမ်းရှောင်ရခြင်းနှင့် အစိုးရတပ်များ၏ အတင်းအဓမ္မလုပ်အားခိုင်းစေမှုများပါ တိုးများခဲ့သည်။

၂၀၁၁ခုနှစ်ဇွန်လမှစ၍တကျော့ပြန်လက်နက်ကိုင်တိုက်ပွဲများပြန်လည်စတင်ခဲ့သည့်အချိန်မှစ၍ကချင်ပြည်နယ်အတွင်း လူ့အခွင့်အရေးအခြေအနေများ သိသိသာသာဆိုးဝါးလာခဲ့သည်။ လုံခြုံရေးအခက်အခဲများကြောင့် ကချင်ပြည်နယ် အတွင်း အချက်အလက်ကောက်ယူရာတွင် အကန့်အသတ်ဖြစ်ခဲ့ခြင်းကြောင့် ယခုအစီရင်ခံစာပါ အချက်အလက် များအားလုံးသည် ကချင်ဒေသအတွင်း ဖြစ်ပေါ်နေသော ဆိုးဝါးသည့် လူ့အခွင့်အရေးအခြေအနေတရပ်လုံးကို အပြည့်အဝ ထင်ဟပ်ခြင်း မရှိနိုင်ပေ။


ပုဂ္ဂလိကပိုင်ပစ္စည်းများသိမ်းယူခြင်းနှင့် ဖျက်ဆီးခြင်းချိုးဖောက်မှုသည် ND-Burma မှ ကောက်ယူရရှိသော လူ့အခွင့်အရေး ချိုးဖောက်မှုများအနက် အကြိမ်အများဆုံးတွေ့ရသည့် ချိုးဖောက်မှုတခုဖြစ်၍ စုစုပေါင်း ချိုးဖောက်မှုအားလုံး၏ ၂၅ ရာခိုင်နှုန်းရှိသည်။ မြေယာသိမ်းဆည်းမှု ချိုးဖောက်ခြင်းသည် ND-Burma မှ နောက်ထပ်ထုတ်ဝေမည့် အစီရင်ခံစာလည်း ဖြစ်သည်။ ထို့ကြောင့် ကွင်းဆင်းအချက်အလက်ကောက်စုဆောင်းသူများသည် ထိုချိုးဖောက်မှုအပေါ် ပိုမိုအာရုံစိုက်ကောက်ယူခဲ့ကြသည်။ သို့သော်လည်း မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ထံသို့ တင်ပြသော လူ့အခွင့်အရေး တိုင်ကြားစာများတွင်လည်း အများဆုံးတွေ့ရသည်မှာ မြေယာသိမ်းဆည်းမှုပင် ဖြစ်သည်။

မြေယာသိမ်းဆည်းမှုနှင့် ဖျက်ဆီးခံရမှု ချိုးဖောက်မှုများအား ဖြစ်ပေါ်ရာ ဒေသအလိုက်အောက်တွင်ဖော်ပြထားသည်။





ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် မလျော်ကန်စွာပြုမှုဆက်ဆံခြင်း ချိုးဖောက်ခြင်းသည် လူ့အခွင့်အရေးချိုးဖောက်မှုများ အနက် ဒုတိယ အများဆုံးဖြစ်သည်။ ND-Burma မှ ကောက်ယူရရှိသော လူ့အခွင့်အရေးချိုးဖောက်မှုများအနက် ညှဉ်းပန်းနှိပ်စက်မှု ချိုးဖောက်မှုသည် ၁၉ ရာခိုင်နှုန်းရှိသည်။ ကောက်ယူရရှိသော ညှဉ်းပန်းနှိပ်စက်ခြင်း ချိုးဖောက်မှု

အား ဒေသအလိုက် အောက်တွင် ဖေါ်ပြထားသည်။




ND-Burma မှ ကောက်ယူရရှိသော လူ့အခွင့်အရေးချိုးဖောက်မှုများအနက် တတိယအများဆုံးမှာ အတင်းအဓမ္မလုပ်အားပေး ခိုင်းစေမှုဖြစ်ပြီး စုစုပေါင်းချိုးဖောက်မှုများအနက် ၁၆ ရာခိုင်နှုန်းရှိသည်။ အစိုးရတပ်များနှင့် တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများအကြား တိုက်ခိုက်မှုများကြောင့် ဖြစ်သည်။ အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှုတွင် အရပ်သားပြည်သူများအား ပေါ်တာအဖြစ်ခိုင်းစေခြင်း၊ လူသားမိုင်းရှင်းကိရိယာများအဖြစ် ခိုင်းစေခြင်း၊ လူသားဒိုင်းများအဖြစ် အသုံးပြုခြင်း၊ စစ်တန်းလျားများ ဆောက်လုပ်ပေးရခြင်း စသည်တို့ပါဝင်သည်။ အတင်းအဓမ္မလုပ်အားပေးခြင်းချိုးဖောက်မှုအား ဒေသအလိုက် အောက်ပါ အတိုင်းဖေါ်ပြထားသည်။



## ဖြစ်ရပ်မှန်လေ့လာချက်

မြေယာသိမ်းဆည်းမှု ချိုးဖောက်မှုသည် ND-Burma မှ နောက်ထပ်ထုတ်ဝေမည့် အစီရင်ခံစာဖြစ်သဖြင့် ကွင်းဆင်း အချက်အလက်စုဆောင်းကောက်ယူသူ အများစုသည် ၎င်းချိုးဖောက်နှင့်ပတ်သက်၍ အထူးအာရုံစိုက်ကောက်ယူခဲ့ ကြသည်။ အောက်ဖော်ပြပါ ဖြစ်ရပ်မှန်လေ့လာချက်သည် ပဋိပက္ခဖြစ်ပွားနေသော ဒေသများအတွင်း ဖြစ်ပေါ်နေသည့် ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူမဆန်စွာနှင့် လူ့ဂုဏ်သိက္ခာညှိုးနွမ်းစွာ ပြုမူဆက်ဆံခြင်းနှင့် အတင်းအဓမ္မလုပ်အားပေးခိုင်း စေခြင်း စသည့်ချိုးဖောက်မှုများကို ကိုယ်စားပြုထင်ဟပ်စေသည်။

**ဖြစ်ပွားသည့်နေ့စွဲ - ဩဂုတ်လ ၂၆ ရက်နေ့ ၂၀၁၁ ခုနှစ်**
**ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူမဆန်စွာနှင့် လူ့ဂုဏ်သိက္ခာညှိုးနွမ်းစွာ ပြုမူဆက်ဆံခြင်း**
**အစိုးရစစ်သားများက အရပ်သားပြည်သူတဦးအား ညှဉ်းပန်းနှိပ်စက်ခဲ့သည်။**

ဦးသူရသည် မြစ်ကြီးနားတွင် နေထိုင်သော မြန်မာလူမျိုးတဦးဖြစ်သည်။ သူသည် ပိုင်းမော်ခရိုင်၊ ဒါဘောက်ကျေးရွာသူ ကချင်တိုင်းရင်းသူတဦးနှင့် အိမ်ထောင်ကျခဲ့သည်။ ဒါဘောက်ကျေးရွာတွင် လက်သမားလုပ်ငန်းဖြင့် အသက်မွေးဝမ်း ကြောင်းပြုကာ မိသားစုနှင့် အတူနေထိုင်ခဲ့သည်။ ဒါဘောက်ကျေးရွာနှင့် ကက်စူကျေးရွာများအနီး တိုက်ပွဲများ ဖြစ်သည့် နောက် ရွာသားများသည် ထိုဒေသတွင် ဆက်လက်နေထိုင်နိုင်ခြင်းမရှိကြတော့သဖြင့် ဦးသူရသည် မြစ်ကြီးနားရှိ သူ့အိမ်သို့ ပြန်ပြောင်းရွှေ့ခဲ့သည်။ တိုက်ပွဲများအနည်းငယ်အေးသွားသည့်အခါတွင် တိုက်ပွဲများ မဖြစ်ခင်ကတည်းက ဆောက်လုပ်စဖြစ်သော ဒါဘောက်နှစ်ခြင်းဘုရားကျောင်းပိုင် မီးဖိုချောင် တည်ဆောက်ခြင်းအား အဆုံးသတ်ရန် သူပြန်လာခဲ့သည်။ ဒါဘောက် ကျေးရွာသို့ အပြန်လမ်းတွင် သူညှဉ်းပန်းနှိပ်စက်ခြင်း ခံခဲ့ရသည်။ သူ ဒါဘောက်ကျေးရွာသို့ ပြန်မည့်နေ့တွင် လတော်လူ (လက်ရှိမြစ်ကြီးနားတွင်နေထိုင်သော ဒါဘောက် ကျေးရွာသူတဦး) က ပိုက်ဆံ ၁၈၀၀၀ ကျပ်အားလူကြုံယူ သွားခိုင်းပြီး သူမ စပါးခင်းအား ကြည့်ပေးသူ နလန်ခအားပေးရန် အကူအညီတောင်းသဖြင့် သူယူလာ ပေးခဲ့သည်။ ငွေအား စာအိပ်အတွင်း၊ စာတစောင်နှင့်အတူ ထည့်ပေး လိုက်သည်။ ဦးသူရ ဒါဘောက်ကျေးရွာ သို့ရောက်သော အခါ ခမရ ၅၈ မှ စစ်သားများက သူ့အား ရပ်တန့်၍ စစ်ဆေးပြီး သူ့အိတ်ကိုပါ စစ်ဆေးခဲ့သည်။ စာအိတ်အတွင်းမှ ငွေကိုတွေ့သွားသောအခါ ဒီငွေသည် ကေအိုင်အေအား ထောက်ပံ့ရန် ဟုတ်မဟုတ် သူ့အား မေးခဲ့သည်။ ဤငွေသည် လတော်လူက လူကြုံပေးလိုက်သောငွေဖြစ်ကြောင်းနှင့် ကေအိုင်အေနှင့် မည်သို့မှ ပတ်သက်ခြင်း မရှိကြောင်း သူဖြေကြားခဲ့သည်။ စာအိတ်ဖွင့်သောအခါ ကချင်ဘာသာဖြင့် ရေးထားသော စာကိုတွေ့သွားပြီး သူ့ကို ဖတ်ခိုင်းသည်။ ဦးသူရက သူမဖတ်တက်ကြောင်းပြန်ရှင်းပြသော်လည်း စစ်သားများက သူ့ အား ကေအိုင်အေသို့ ငွေထောက်ပံ့ပေး သူဖြစ်ကြောင်း စွပ်စွဲပြောဆိုသည်။ ဦးသူရအား သွေးထွက်သည်အထိ ပါးစောင်ကို ထိုးကြိတ်ခြင်း၊ သေနတ်ဒင်နှင့် နောက်ကျော အား ငါးကြိမ်ရိုက်နက်သည်။ ဦးသူရက သူသည် မြစ်ကြီးနားတွင် နေထိုင်သော မြန်မာလူမျိုးဖြစ်ကြောင်း ပြောသော်လည်း စစ်သားများက မြန်မာဖြစ်ဖြစ်၊ ကချင်ဖြစ်ဖြစ် သူ့ကိုသတ်မည်ဟု ခြိမ်းခြောက်ကာ ဆက်လက်ညှဉ်း ဆဲခဲ့သည်။ သူ့အား စစ်သားမျာက ပိုင်းဂန်းညှဉ်းပန်းနေချိန်တွင် ကျေးရွာလူကြီးတစ်ဦး ရောက်လာသဖြင့် စစ်သားများက သူ့ကို ရိုက်နက်နေခြင်းမှ ရပ်ဆိုင်းလိုက်သည်။ စစ်သားများက ဦးသူရအား သိမသိမေးသောအခါ ကျေးရွာလူကြီးက သူသိကြောင်း၊ ဒါဘောက်ကျေးရွာတွင် လက်သမား အဖြစ် အသက်မွေးနေသူဖြစ်ကြောင်း စစ်သားများကို ရှင်းပြသည်။ ကျေးရွာလူကြီးပြန်သွားပြီး မရေးမနှောင်း ပင် ဦးသူရအား လွှတ်ပေးခဲ့သည်။ ငွေနှင့် တခြားသူ ပိုင်ပစ္စည်းများကိုတော့ စစ်သားများက သိမ်းယူလိုက်သည်။ ဦးသူရလွတ်လာသောအခါ ညှဉ်းပန်းနှိပ်စက်မှု ကြောင့်ရလာသည့် ဒဏ်ရာများကို မယော်ဝင်း (ဒါဘောက်ကျေးရွာ အမျိုးသမီးခေါင်းဆောင်) က ဆေးကုသပေးခဲ့သည်။ စစ်သားသုံးဦးက သူ့အား ညှဉ်းပန်းနှိပ်စက်ခဲ့ကြောင်း ဦးသူရ က ပြန်ပြောပြခဲ့သည်။ ခလရ ၅၈ သည် ဒါဘောက်ကျေးရွာတွင် ၂၀၁၁ ခုနှစ် ဇူလိုင်မှစ၍ တပ်ဆွဲထားကြောင်း ထိုကျေးရွာလူကြီးက ပြောပြသည်။ စစ်သားများသည် ဦးစောင်နော်လန်၏ အိမ်အားသိမ်းယူ၍ ရွာအဝင် စစ်ဆေး ရေးဂိတ်အဖြစ် အသုံးပြုနေကြသည်။ (သတင်းအရင်းအမြစ် - KWAT)



### အတင်းအဓမ္မလုပ်အားပေးခိုင်းစေခြင်း

### ဖြစ်ပွားသည့်နေ့စွဲ - မတ်လ ၂၂ ရက်နေ့ ၂၀၁၂ ခုနှစ်

### ခမရ ၅၀၁ မှ စစ်သားများသည် ရွာသားနှစ်ဦးအား ၎င်းတို့ပိုင်မြင်း များနှင့်အတူ လက်နက်များနှင့် ရိက္ခာများ အတင်းအကြပ်သယ်ခိုင်းခဲ့သည်။

၂၀၁၂ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် ရှမ်းပြည်မြောက်ပိုင်း၊မန်တုန်မြို့နယ်၊ နာရွှန်လေးကျေးရွာသို့ ကျောက်မဲအခြေစိုက် ခလရ ၅၀၁ မှ စစ်သားများရောက်လာပြီး ရွာသားနှစ်ဦးအား ၎င်းတို့ပိုင်မြင်းများနှင့်အတူ လက်နက်များ၊ ရိက္ခာများ အတင်းအဓမ္မသယ်ယူခိုင်းခဲ့သည်။ " စစ်သားတွေက ရွာထဲလာပြီး သူတို့အတွက် ရိက္ခာ နှင့် လက်နက်တွေ သယ်ပေးဖို့ လူနှစ်ယောက် နဲ့ မြင်းနှစ်ကောင် တောင်းတယ်။ ဒါနဲ့ အသက် ၂၆ နှစ်အရွယ် အနိုင်နဲ့ ၃၄ နှစ်အရွယ် စံဒေါတို့ နှစ်ယောက်ကို သူတို့မြင်းတွေနဲ့အတူ ခေါ်သွားတယ်" ဟု ရွာသားတဦးက ပြောသည်။ နာရွှန်လေးကျေးရွာမှ ပန်းအောင်ရွာအထိ လက်နက်ကြီးများ၊ ရိက္ခာများကို မြင်းများနှင့်အတူ သယ်ပေးခဲ့ရသည်။ "ကျနော်တို့နှစ်ယောက်စလုံး ကိုယ်စားဖို့ ရိက္ခာလည်း ကိုယ့်ဟာကိုယ် ယူခဲ့ရတယ်။ မြင်းလည်း ကိုယ့်ဟာကိုကျွေးရတယ်။ လမ်းတလျှောက်လုံးမှာလဲ ကချင်လွတ်လပ်ရေးတပ်မတော်၊ ရှမ်းတပ်မတော်နဲ့ တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်အကြောင်း ထပ်ခါ တလည်းလည်း သူတို့မေးတယ်။" ဟု ပေါ်တာအဆွဲခံရသူ တဦးက ပြောဆိုသည်။

သတင်းအရင်းအမြစ် - TSYO



## နောက်ဆက်တွဲ (၁) ပြည်နယ်နှင့် တိုင်းဒေသကြီး အလိုက် လူ့အခွင့်အရေးချိုးဖောက်မှုများ
## (၂၀၁၁ ခုနှစ် မတ်လ - ၂၀၁၂ ခုနှစ် မတ်လ)

| စဉ် | ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ချိုးဖောက်မှု အမျိုးအစား ၁၆ ခု | မတရားဖမ်းဆီးမှုများနှင့်ထိန်းသိမ်းချုပ် နှောင်မှုများ | ပုဂ္ဂလိကပိုင်ဆိုင်မှုပစ္စည်းများသိမ်းယူခြင်း၊ ဖျက်ဆီးခြင်း | အစဖျောက်ပစ်ခြင်း | အဓမ္မလုပ်အားပေးခိုင်းစေမှု | အတင်းအဓမ္မရွှေ့ ပြောင်းခံရခြင်း | လူကုန်ကူးရောင်းချခြင်း | သတ်ဖြတ်ခြင်း | လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်ကို ထိပါးနှောင့် ယှက်ခြင်း | လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ကို ထိပါး နှောင့်ယှက်ခြင်း | ကလေးစစ်သားအသုံးပြုမှု | ညှဉ်းပန်းနှိပ်စက်ခြင်း | အခွန်ကောက်ယူခြင်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ချင်း | ၁ | ၆ | - | ၉ | - | - | ၁ | ၆ | - | - | ၆ | ၈ | ၃၇ |
| ၂ | ဧရာဝတီ | ၄ | ၁ | - | ၁ | - | - | ၂ | - | ၂ | ၁ | ၁ | ၄ | ၁၆ |
| ၃ | ကချင် | ၂ | ၈ | ၁ | ၆ | ၃ | - | ၁၆ | ၁ | ၆ | - | ၁၅ | - | ၅၈ |
| ၄ | ကရင် | ၁၃ | ၁၂ | - | ၂၅ | ၁ | - | ၉ | - | ၄ | - | ၁၀ | - | ၇၄ |
| ၅ | ကယား (ကရင်နီ) | - | ၁ | - | - | ၁ | - | - | - | - | - | ၁ | - | ၃ |
| ၆ | မကွေး | ၁ | ၁၄ | - | - | - | - | - | - | - | - | - | - | ၁၅ |
| ၇ | မန္တလေး | - | ၂ | - | ၁ | - | - | - | ၁ | - | ၁ | ၂ | - | ၇ |
| ၈ | မွန် | - | ၁၀ | - | ၁ | - | - | - | - | ၁ | - | ၂ | ၁၀ | ၂၄ |
| ၉ | ပဲခူး | ၄ | ၅ | - | - | - | - | - | - | - | ၅ | ၁ | - | ၁၅ |
| ၁၀ | ရခိုင် | ၁ | ၁၇ | - | ၂ | - | - | - | - | - | - | ၁ | ၄ | ၂၅ |
| ၁၁ | ရန်ကုန် | ၃ | ၄ | - | - | ၁ | - | - | ၁ | ၁ | - | ၁၃ | ၁ | ၂၄ |
| ၁၂ | စစ်ကိုင်း | ၁ | ၁ | - | - | - | - | - | - | - | - | ၄ | - | ၆ |
| ၁၃ | တနင်္သာရီ | ၃ | ၂၁ | - | ၃ | - | - | - | ၂ | ၅ | - | ၅ | ၅ | ၄၄ |
| ၁၄ | စုစုပေါင်း | ၃၉ | ၁၁၄ | ၃ | ၆၀ | ၆ | ၁ | ၃၂ | ၁၁ | ၂၀ | ၃ | ၈၆ | ၄၀ | ၄၁၅ |

## နောက်ဆက်တွဲ (၂) ဒေသအလိုက် လူ့အခွင့်အရေးချိုးဖောက်မှုများ
## (၂၀၁၁ ခုနှစ် မတ်လ - ၂၀၁၂ ခုနှစ် မတ်လ)

| ပြည်နယ်နှင့်တိုင်း ဒေသကြီးအလိုက် ချိုးဖောက်မှုအမျိုး အစား ၁၆ခု | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ချင်း | ၃ | ၃ | ၁ | ၅ | ၁၁ | ၅ | ၂ | ၅ | | | | | ၂ | ၃၇ |
| ဧရာဝတီ | ၂ | | ၅ | | ၄ | ၁ | | ၂ | ၂ | | | | | ၁၆ |
| ကချင် | | | | ၁၂ | ၁၆ | ၅ | ၄ | ၁၂ | | ၇ | ၂ | | | ၅၈ |
| ကရင် | ၅ | ၅ | ၃ | ၁၅ | ၃ | ၁၅ | ၆ | ၈ | ၃ | ၇ | | ၄ | | ၇၄ |
| ကယား (ကရင်နီ) | ၂ | ၁ | | | | | | | | | | | | ၃ |
| မကွေး | ၁ | | ၉ | | | ၄ | ၁ | | | | | | | ၁၅ |
| မန္တလေး | ၁ | | ၁ | | ၁ | | ၁ | ၁ | | | ၂ | | | ၇ |
| မွန် | | ၂ | | ၄ | ၁ | ၃ | ၇ | | ၅ | ၂ | | | | ၂၄ |
| ပဲခူး | | ၄ | ၅ | ၂ | | ၃ | ၁ | | | | | | | ၁၅ |
| ရခိုင် | ၁၀ | ၁ | ၂ | ၆ | ၁ | | ၅ | | | | | | | ၂၅ |
| ရန်ကုန် | | ၁ | ၄ | | ၄ | ၂ | ၂ | ၁ | ၂ | ၂ | ၂ | ၃ | ၁ | ၂၄ |
| စစ်ကိုင်း | ၁ | ၁ | ၂ | ၁ | ၁ | | | | | | | | | ၆ |
| ရှမ်း | ၁ | ၅ | ၅ | ၁၁ | ၉ | ၂ | ၄ | ၆ | ၈ | ၂ | ၇ | ၄ | ၃ | ၆၇ |
| တနင်္သာရီ | | | ၉ | ၁၄ | ၄ | ၆ | ၁ | ၄ | ၆ | | | | | ၄၄ |
| စုစုပေါင်း | ၂၆ | ၂၃ | ၄၆ | ၇၀ | ၅၅ | ၄၆ | ၃၄ | ၃၉ | ၂၆ | ၂၀ | ၁၃ | ၁၁ | ၆ | ၄၁၅ |

## နောက်ဆက်တွဲ (၃) လစဉ်အလိုက် လူ့အခွင့်အရေးချိုးဖောက်မှုများ

## (၂၀၁၁ ခုနှစ် မတ်လ - ၂၀၁၂ ခုနှစ် မတ်လ)

| လစဉ်အလိုက် ချိုးဖောက်မှု အမျိုးအစား ၁၆ခု | မတရားဖမ်းဆီးမှုများနှင့် ထိန်းသိမ်းချုပ် နှောင်မှုများ | ပုဂ္ဂလိကပိုင်ဆိုင်မှု ပစ္စည်းများ သိမ်းယူခြင်း၊ ဖျက်ဆီးခြင်း | အစဖျောက်ပစ်ခြင်း | အဓမ္မလုပ်အားပေးခိုင်းစေမှု | အတင်းအဓမ္မရွှေ့ပြောင်းခံရခြင်း | လူကုန်ကူးရောင်းချခြင်း | သတ်ဖြတ်ခြင်း | လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်ကို ထိပါးနှောင့် ယှက်ခြင်း | လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို ထိပါး နှောင့်ယှက်ခြင်း | ကလေးစစ်သားအသုံးပြုမှု | ညှဉ်းပန်းနှိပ်စက်ခြင်း | အခွန်ကောက်ယူခြင်း | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဇန်နဝါရီ | | | | | | | | | | | | | ၀ |
| ဖေဖော်ဝါရီ | | | | | | | | | | | | | ၀ |
| မတ် | ၁ | ၁၀ | | ၆ | ၁ | | ၁ | ၁ | | ၂ | ၃ | ၁ | ၂၆ |
| ဧပြီ | ၂ | ၅ | ၁ | ၃ | | | ၁ | | ၁ | | ၇ | ၃ | ၂၃ |
| မေ | ၇ | ၁၉ | | ၂ | | | ၂ | | ၂ | ၁ | ၁၀ | ၃ | ၄၆ |
| ဇွန် | ၅ | ၁၆ | | ၉ | ၁ | | ၅ | ၃ | ၆ | | ၁၇ | ၈ | ၇၀ |
| ဇူလိုင် | ၇ | ၆ | | ၉ | ၁ | | ၄ | ၂ | ၅ | | ၁၈ | ၃ | ၅၅ |
| သြဂုတ် | ၆ | ၈ | | ၈ | | | ၆ | ၁ | ၂ | | ၉ | ၆ | ၄၆ |
| စက်တင်ဘာ | ၂ | ၁၃ | | ၁ | ၁ | | ၂ | | ၁ | | ၈ | ၆ | ၃၄ |
| အောက်တိုဘာ | ၄ | ၁၄ | | ၇ | ၁ | | ၄ | | ၂ | | ၄ | ၃ | ၃၉ |
| နိုဝင်ဘာ | ၃ | ၁၂ | ၁ | ၁ | | | ၁ | | ၁ | | ၄ | ၃ | ၂၆ |
| ဒီဇင်ဘာ | | ၄ | ၁ | ၇ | | ၁ | ၃ | | | | ၃ | ၁ | ၂၀ |
| ဇန်နဝါရီ | ၁ | ၅ | | ၂ | | | ၂ | ၁ | | | ၁ | ၁ | ၁၃ |
| ဖေဖော်ဝါရီ | | ၂ | | ၄ | ၁ | | | ၁ | | | ၁ | ၂ | ၁၁ |
| မတ် | ၁ | | | ၁ | | | ၁ | ၂ | | | ၁ | | ၆ |
| စုစုပေါင်း | ၃၉ | ၁၁၄ | ၃ | ၆၀ | ၆ | ၁ | ၃၂ | ၁၁ | ၂၀ | ၃ | ၈၆ | ၄၀ | ၄၁၅ |

## သုံးသပ်ချက်

ယခုနှစ် မတ်လတွင် သမ္မတဦးသိန်းစိန် သည် တိုင်းပြည်သို့ အစိုးရနှစ်ပတ်လည်မိန့်ခွန်း ပြောကြားခဲ့ ရာတွင် နိုင်ငံရေးတွင် တိုင်းရင်းသားလူမျိုးများ ထဲထဲဝင်ဝင်ပါဝင်လာရန်လိုအပ်ကြောင်းနှင့် တိုင်းရင်းသားအုပ်စုများနှင့် အစိုးရအကြား နားလည်မှု လွဲမှားမှုများ၊ ယုံကြည်မှုလွဲမှားမှုများကို အဆုံးသတ်ရန် လိုအပ်ကြောင်း အလေးထား ပြောကြားခဲ့သည်။ မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးမှုရှိစေရန် ၎င်း၏ အစိုးရသည် ဦးတည်လုပ်ဆောင် နေကြောင်းကို လည်း ထပ်လောင်းပြောဆိုခဲ့သည်။ "အကယ်၍ တရားဥပဒေစိုးမိုးမှုသည် ကျနော်တို့လူ့အဖွဲ့အစည်းတွင် ပေါ်ပေါက် လာမည်ဆိုပါက လူ့အခွင့်အရေး၊ လွတ်လပ်မှု နှင့် ဒီမိုကရေစီသည်လည်း အလိုအလျောက် ဖူးပွင့်လာပေမည်။" ဟု ထည့်သွင်း ပြောဆိုခဲ့ သည်။

သို့သော် အရပ်သားအစိုးရသည် အဓိကတိုင်းရင်းသားလက်နက်ကိုင်အုပ်စုများနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီ ချက် ရရှိရေး အားထုတ်နေသော်လည်း ကချင်လွတ်လပ်ရေးတပ်မတော်နှင့်အစိုးရတပ်ဖွဲ့များအကြား တိုက်ခိုက်မှုများ ဆက်လက် ဖြစ်ပေါ်နေဆဲဖြစ်သည်။ ကချင်ပြည်သူ ၇၀၀၀၀ ကျော်သည် တရုတ်နယ်စပ်အနီး ကချင်ပြည်နယ်အတွင်းရှိ နိုင်ငံတွင်း အိုးအိမ်မဲ့လှည့်လည်နေထိုင်သူများစခန်း (IDP)များတွင် နေထိုင်နေရသည်။ လက်ရှိဖြစ်နေဆဲ လက်နက်ကိုင် ပဋိပက္ခကြောင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ဖြစ်နေသည့်အပေါ် စိုးရိမ်ချက်များ ရှိနေဆဲဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံတွင် စစ်မှန်သော တရားဥပဒေစိုးမိုးမှုမရှိသေးသည့်အပြင် အတိတ်ကာလချိုးဖောက်မှုများနှင့်ပတ် သက်၍ တရားမျှတမှု နှင့် တာဝန်ခံမှု ဖေါ်ထုတ်ရေးအတွက်လည်း ကြီးမားသောစိန်ခေါ်ချက်တခု ဖြစ်နေသေးသည်။

Network for Human Rights Documentation - Burma
PO Box 67, CMU Post Office
Chiang Mai 50202, Thailand.
Email : office@nd-burma.org
http://www.nd-burma.org